# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၄/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ မေလ(၁၆) ရက်

| ၁၆ - ၅ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၈၂.၇ |
| စင်္ကာပူဒေါ်လာ | ၁,၅၆၁.၇ |
| စတာလင်ပေါင် | ၂,၆၆၀.၇ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၅၇.၂ |
| တရုတ်ယွမ် | ၂၉၀.၉၈ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၀၄ |
| အိန္ဒိယရူပီး | ၂၅.၁၅၁ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၆.၂၃ |
| မလေးရှား ရင်းဂစ် | ၄၄၈.၄၃ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၅၁၅ |
| ထိုင်းဘတ် | ၅၈.၁၂၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၅၄၂ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ တရုတ်နိုင်ငံသည် မဲခေါင်မြစ်ဝှမ်းနိုင်ငံများနှင့် သစ်သီးရောင်းဝယ်မှု တိုးတက်လာ

➢ တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်၊ ပထမ (၄) လအတွင်း (၅.၇)ရာခိုင်နှုန်း မြင့်တက်ခဲ့

➢ ဧပြီလတွင် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း အနည်းငယ် ပြန်လည် မြင့်တက်ခဲ့ခြင်း

➢ အိန္ဒိယနိုင်ငံသည် ယခုဘဏ္ဍာနှစ်အတွင်း ဘရားဇီးနိုင်ငံမှ မတ်ပဲကို တန်ချိန် ၅ သောင်းအထိ တိုးမြှင့်တင်သွင်းဖွယ်ရှိ

- **အထွေထွေသတင်းများ**

➢ အိန္ဒိယနိုင်ငံသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပေါင်း ၂၃၈ နိုင်ငံ အနက် ၁၁၅ နိုင်ငံသို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ခဲ့

➢ အိန္ဒိယသည် ၂၀၂၅ ခုနှစ်တွင် ဂျပန်ကိုကျော်တက်၍ ကမ္ဘာ့စတုတ္ထစီးပွားရေး အင်အားအကြီးဆုံးနိုင်ငံဖြစ်လာမည်ဟု Amitabh Kant ကခန့်မှန်း

## တရုတ်နိုင်ငံသည် မဲခေါင်မြစ်ဝှမ်းနိုင်ငံများနှင့် သစ်သီးရောင်းဝယ်မှု တိုးတက်လာ

မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ နိုင်ငံများမှ တရုတ်နိုင်ငံသို့ သစ်သီးဝလံ တင်သွင်းမှုပမာဏသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁၀.၆၈)ဘီလီယံရှိပြီး နိုင်ငံ၏ သစ်သီးတင်သွင်းမှု စုစုပေါင်း၏ (၆၀)ရာခိုင်နှုန်းနီးပါးရှိကြောင်း ကွမ်ကျိုးမြို့တွင် (၁၀-၅-၂၀၂၄)ရက်နေ့က ကျင်းပခဲ့သည့် လန်ချန်း-မဲခေါင် သစ်သီးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ၌ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံခြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန၏ အကြီးအကဲ Guo Libin က ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

မဲခေါင်မြစ်ဝှမ်းနိုင်ငံများနှင့် အခြားအရှေ့တောင်အာရှနိုင်ငံများမှ ဒူးရင်းသီး၊ သရက်သီး၊ ငှက်ပျောသီး၊ လောင်ဂန်သီး၊ မင်းဂွတ်သီး၊ အုန်းသီးနှင့် အခြားအသီးအနှံများသည် တရုတ် စားသုံးသူများကြားတွင် ရေပန်းစားလျက်ရှိကြောင်း၊ အလားတူ တရုတ်ဆီးသီး၊ တည်သီး၊ သစ်တော်သီး၊ သလဲသီးနှင့် သခွားမွှေးသီးများသည် အရှေ့တောင်အာရှ ဈေးကွက်သို့ ဝင်ရောက်လာခဲ့ကြောင်း သိရှိရပါသည်။

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP) သဘောတူညီချက်ကို အကောင်အထည်ဖော်ပြီးနောက် တရုတ်နှင့် မဲခေါင်မြစ်ဝှမ်းနိုင်ငံများကြား စီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုသည် ပိုမိုနက်ရှိုင်းလာကာ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ အပါအဝင် လယ်ယာထွက်ကုန်များ ကုန်သွယ်မှုမှာ အဆက်မပြတ်တိုးတက်လာသည်ဟု Guo မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်-လာအိုရထားလမ်းကြောင့် မဲခေါင်မြစ်ဝှမ်းနိုင်ငံများမှ သစ်သီးဝလံများသည် တရုတ်နိုင်ငံသို့ လျင်မြန်စွာ ရောက်ရှိနိုင်ပြီး စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကျယ်ပြန့်လာစေကြောင်း Guo က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://english.news.cn/20240511/3cc4ef5cd7d046eeab339add204033b5/c.html

..........................................................................................................

## တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်၊ ပထမ (၄)လအတွင်း (၅.၇)ရာခိုင်နှုန်း မြင့်တက်ခဲ့

ယခုနှစ် ပထမလေးလအတွင်း တရုတ်နိုင်ငံ၏ စုစုပေါင်းပို့ကုန်နှင့် သွင်းကုန်ပမာဏသည် (၅.၇)ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယွမ် (၁၃.၈၁)ထရီလီယံ (အမေရိကန်ဒေါ်လာ ၁.၉၁ ထရီလီယံ) ရှိခဲ့

Agribusiness & Trade

သည်ဟု အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များတွင် ဖော်ပြ ထားကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီမှ ဧပြီလအထိ ပို့ကုန်သည် တစ်နှစ်ထက်တစ်နှစ် (၄.၉) ရာခိုင်နှုန်း တိုးလာပြီး ယွမ် (၇.၈၁)ထရီလီယံရှိခဲ့ကြောင်း၊ သွင်းကုန်သည် (၆.၈) ရာခိုင်နှုန်းတိုးလာပြီး ယွမ် (၆) ထရီလီယံအထိ တိုးလာကြောင်း သိရှိရပါသည်။

ယင်းအချက်အလက်များအရ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသည် နိုင်ငံခြားကုန်သွယ်မှုကို အရှိန်မြှင့်တင်ရာတွင် ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ အဆိုပါကာလအတွင်း ပုဂ္ဂလိက လုပ်ငန်းများသည် စုစုပေါင်းကုန်သွယ်မှု၏(၅၄.၆) ရာခိုင်နှုန်းအထိ ရှိလာခဲ့ပြီး ယခင်နှစ် အလားတူ ကာလကထက် (၂.၅)ရာခိုင်နှုန်း မြင့်တက်လာကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အနေဖြင့် (၂၉.၁)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ ပထမလေးလတွင် တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်သော အာဆီယံ နှင့် ကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ်(၈.၅)ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယွမ်ငွေ(၂.၁၈)ထရီလီယံ သို့ရောက်ရှိခဲ့ကာ တရုတ်နိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး၏ (၁၅.၈)ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရှိ ရပါသည်။

တတိယအကြီးဆုံးကုန်သွယ်ဖက်ဖြစ်သော အမေရိကန်နှင့် ကုန်စည်ကုန်သွယ်မှုသည် အဆို ပါကာလအတွင်း (၁.၁)ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယွမ် (၁.၄၇)ထရီလီယံထိ ရောက်ရှိလာကြောင်း၊ သို့သော် ဒုတိယအကြီးဆုံး ကုန်သွယ်မှုမိတ်ဖက်ဖြစ်သည့် ဥရောပသမဂ္ဂနှင့် ကုန်သွယ်မှုသည် တစ် နှစ်ထက်တစ်နှစ် (၁.၈)ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း သိရှိရပါသည်။

ဇန်နဝါရီမှ ဧပြီလအတွင်း တရုတ်နိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုတွင် စက်ပစ္စည်းနှင့် အီလက် ထရောနစ်ထုတ်ကုန်များ တင်ပို့မှု အားကောင်းလာကာ နိုင်ငံ၏ စုစုပေါင်းတင်ပို့မှု၏ (၆၀)ရာခိုင်နှုန်း နီးပါးအထိ ပါဝင်ခဲ့ကြောင်း သိရှိရပါသည်။

အထူးသဖြင့် အလိုအလျောက်ဒေတာစီမံဆောင်ရွက်ပေးသည့် စက်ကိရိယာများ၊ integrated circuits နှင့် မော်တော်ယာဉ်များ၏ ပို့ကုန်တန်ဖိုးမှာ တစ်နှစ်ထက်တစ်နှစ်(၉.၇) ရာခိုင်နှုန်း၊ (၂၃.၅)ရာခိုင်နှုန်းနှင့် (၂၄.၉)ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source:https://www.chinadaily.com.cn/a/202405/09/WS663c3f5fa31082fc043c626e.html

………………………………………………………………………………………………….

Agribusiness & Trade

## ဧပြီလတွင် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း အနည်းငယ် ပြန်လည်မြင့်တက်ခဲ့ခြင်း

၁။ ဧပြီလတွင် အသား၊ ဟင်းသီးဟင်းရွက်ဆီနှင့် နှံစားသီးနှံဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း အနည်းငယ် ပြန်လည်မြင့်တက်ခဲ့ကြောင်းဖြင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ယင်း၏ စားနပ်ရိက္ခာ ဈေးနှုန်းညွှန်းကိန်းကို ၃-၅-၂၀၂၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါ သတင်းထုတ်ပြန်ချက်တွင် အောက်ပါအချက်များကို အဓိက ဖော်ပြထားပါသည် -

- FAO စားနပ်ရိက္ခာ ဈေးနှုန်းညွှန်းကိန်းသည် ဧပြီလတွင် ပျမ်းမျှ ၁၁၉.၁ မှတ်ရှိခဲ့ပြီး ယခင်လထက် ၀.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊
- FAO နှံစားသီးနှံဈေးနှုန်းညွှန်းကိန်းသည် ၃ လ ဆက်တိုက် ကျဆင်းခဲ့ပြီးနောက် ပြီးခဲ့သည့်လထက် ၀.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဥရောပနိုင်ငံအချို့၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့တွင် ကောက်ပဲသီးနှံများ လျော့နည်းဖြစ်ထွန်းမှုကို ခန့်မှန်းလျက် အဓိကသီးနှံ တင်ပို့သောနိုင်ငံများတွင် ယှဉ်ပြိုင်မှုအားကောင်းခဲ့ခြင်းကြောင့် ကမ္ဘာ့ဂျုံဈေးနှုန်းများ တည်ငြိမ်ခဲ့ကြောင်း၊
- ယူကရိန်းနိုင်ငံတွင် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့မှုကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ထိခိုက်ခဲ့ခြင်းနှင့် ဘရာဇီးလ်နိုင်ငံတွင် ပြောင်းသီးနှံဖြစ်ထွန်းမှု ကျဆင်းခဲ့ခြင်းတို့ကြောင့် ပြောင်းဆံဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံတွင် စပါးသီးနှံဈေးနှုန်းသတ်မှတ်ချက် အဓိက ကျဆင်းခဲ့မှုကြောင့် FAO ဆန်ဈေးနှုန်း ၁.၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊
- ဧပြီလတွင် စားအုန်းဆီနှင့် ပဲပိစပ်ဆီ ဈေးနှုန်းများ အနည်းငယ် ကျဆင်းခဲ့သော်လည်း နေကြာဆီနှင့် မုန်ညင်းဆီဈေးနှုန်းသတ်မှတ်ချက်များ မြင့်တက်ခဲ့ခြင်းကြောင့် FAO ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းညွှန်းကိန်းမှာ ယခင်လထက် ၀.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ၁၃ လအတွင်း အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိခဲ့ကြောင်း၊
- နိုင်ငံတကာဈေးကွက်တွင် ကြက်/ဘဲ၊ အမဲသားနှင့် သိုးသားဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် FAO အသားဈေးနှုန်းညွှန်းကိန်းသည် ဧပြီလတွင် ၁.၆ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း၊ သို့ရာတွင် အနောက်ဥရောပတွင် ဝက်သားဝယ်လိုအား နှေးကွေးခြင်းနှင့် အဓိက ဝက်သားတင်သွင်းသော တရုတ်နိုင်ငံတွင် ဆက်လက်၍ ဝယ်လိုအားကျဆင်းခဲ့ခြင်းတို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် ဝက်သားဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း၊
- FAO သကြားဈေးနှုန်းညွှန်းကိန်းမှာ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များ ကောင်းမွန်လာမှု၊ အထူးသဖြင့် အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့တွင် ယခင်မျှော်မှန်းချက်ထက်

Agribusiness & Trade

ကြံစိုက်ပျိုးမှု ပိုမိုဖြစ်ထွန်းခဲ့ခြင်းနှင့် ဘရာဇီးလ်နိုင်ငံတွင် ရာသီဥတု တိုးတက်ကောင်းမွန်ခဲ့ခြင်းတို့ကြောင့် ယခင်လထက် ၄.၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊

– FAO နို့နှင့် နို့ထွက်ပစ္စည်းများ ဈေးနှုန်းညွှန်းကိန်းသည် နို့မှုန့်ဝယ်ယူတင်သွင်းမှု နှေးကွေးမှုနှင့် အမေရိကန်ဒေါ်လာ ခိုင်မာမှုနှင့် ဆက်စပ်လျက် ကမ္ဘာ့ဒိန်ခဲဈေးနှုန်းများ ကျဆင်းခဲ့မှုတို့ကြောင့် ဧပြီလတွင် ၀.၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ၊ ၆ လ ဆက်တိုက် ဈေးနှုန်းမြင့်တက်မှုကို အဆုံးသတ်နိုင်ခဲ့သော်လည်း ကမ္ဘာ့ဈေးကွက်တွင် ထောပတ်ဝယ်လိုအား ဆက်လက်ခိုင်မာနေခြင်းကြောင့် ထောပတ်ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာသံရုံး
ရောမမြို့

## အိန္ဒိယနိုင်ငံသည် ယခုဘဏ္ဍာနှစ်အတွင်း ဘရားဇီးနိုင်ငံမှ မတ်ပဲကို တန်ချိန် ၅ သောင်းအထိ တိုးမြှင့်တင်သွင်းဖွယ်ရှိ

မတ်ပဲကို ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့တွင် ပိုမိုတိုးချဲ့စိုက်ပျိုးလာနေသည့်အတွက် အိန္ဒိယနိုင်ငံသည် အဆိုပါနိုင်ငံများမှ ပိုမိုတင်သွင်းလာဖွယ်ရှိကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၉ ရက်နေ့က ဖော်ပြသည်။ လက်ရှိတွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံသို့ မတ်ပဲ အဓိကတင်သွင်းသော နိုင်ငံတစ်ခုဖြစ်ကြောင်း သိရသည်။

ဘရားဇီးနိုင်ငံတွင် မတ်ပဲကို စတင်စိုက်ပျိုးလျက်ရှိပြီး၊ ယခုနှစ် ဇွန်-ဇူလိုင်လလောက်မှ စတင်၍ အိန္ဒိယနိုင်ငံသို့ မတ်ပဲ အနည်းဆုံး ၅၀၀၀၀ တန် တင်သွင်းဖွယ်ရှိကြောင်း အိန္ဒိယပဲမျိုးစုံနှင့် သီးနှံအသင်း (India Pulses and Grains Association-IPGA) ဥက္ကဋ္ဌ Bimal Kothari က ပြောကြားခဲ့သည်။ ယမန်နှစ်က ဘရာဇီးနိုင်ငံမှ မတ်ပဲကို ၅၀၀၀ တန် ဝယ်ယူတင်သွင်းခဲ့ကြောင်း သိရသည်။ Kothari ဦးဆောင်သော IPGA ကိုယ်စားလှယ်အဖွဲ့သည် မကြာသေးမီက ဘရားဇီးနိုင်ငံသို့ သွားရောက်ပြီး ပဲမျိုးစုံတိုးချဲ့စိုက်ပျိုးရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ပြည်တွင်း၌ ပဲမျိုးစုံထွက်ရှိမှု ကျဆင်းခဲ့သည့်အတွက် မတ်ပဲတင်သွင်းမှုပိုမို မြင့်တက်လာခဲ့သည်။ ရာသီဥတုအခြေအနေ မကောင်းမွန်မှုကြောင့် ခါရစ် (မိုး) နှင့် ရာဘီ(ဆောင်း) ရာသီ နှစ်ရပ်စလုံးတွင် ပဲမျိုးစုံအထွက်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ မတ်ပဲတင်သွင်းမှု တန်ချိန် ၆ ဒသမ ၂၃ သိန်းရှိကာ ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၃ ဒသမ ၄၄ သိန်းသာ တင်သွင်းခဲ့သည့်အတွက် ၁၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း Igrain India က ဖော်ပြသည်။ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်တွင် မတ်ပဲတင်သွင်းမှု တန်ချိန်

၆ ဒသမ ၁၁ သိန်းရှိကာ ယခင်ဘဏ္ဍာနှစ်က ၃ ဒသမ ၄၄ သိန်းသာရှိခဲ့သည့်အတွက် ၇၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အိန္ဒိယအစိုးရသည် မတ်ပဲ အကောက်ခွန်လွတ်တင် သွင်းခွင့်အား ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အချိန်တိုးမြင့်သတ်မှတ်ခဲ့သည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ဒုတိယအကြိမ် သီးနှံအထွက်နှုန်း ကြိုတင် ခန့်မှန်းချက်အရ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် မတ်ပဲအထွက်နှုန်းမှာ ၂၀ ဒသမ ၅၅ သိန်းရှိကာ ယခင် နှစ်က ၂၆ ဒသမ ၃၁ သိန်းရှိခဲ့သည့်အတွက် ကျဆင်းခဲ့ကြောင်း၊ ခါရစ်မတ်ပဲ အထွက်နှုန်းမှာ ယခင် နှစ်က ၁၇ ဒသမ ၆၁ သိန်းရှိခဲ့ရာမှ ယခုနှစ် တန်ချိန် ၁၅ ဒသမ ၅၀ သိန်းသာ ထွက်ရှိသည့်အတွက် ကျဆင်းခဲ့ကြောင်းနှင့် ရာဘီမတ်ပဲအထွက်နှုန်းမှာလည်း ယခင်နှစ်က တန်ချိန် ၆ ဒသမ ၃၃ သိန်းမှ ယခုနှစ် ၅ ဒသမ ၀၅ သိန်းသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့တွင် မတ်ပဲကို တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ယခင်နှစ် များအတွင်းက စုစုပေါင်း မတ်ပဲတန်ချိန် ၃ သောင်း မှ ၄ သောင်းအထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း Igrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် မတ်ပဲကို မြန်မာနိုင်ငံမှ တင်သွင်းလျက်ရှိသည်မှာ အချိန်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယခုအခါ အခြားဇစ်မြစ်တစ်ခု အနေ ဖြင့် အဆိုပါ တောင်အမေရိကနိုင်ငံများမှ တင်သွင်းနိုင်မည့် အလားအလာများထွက်ပေါ်လာလျက်ရှိ သည်ဟု ၎င်းကပြောကြားခဲ့သည်။

ပြည်တွင်း၌ ပဲအထွက်နှုန်းကျဆင်းသော်လည်း ပြည်ပမှပုံမှန် တင်သွင်းလျက်ရှိသည့်အတွက် ပြီးခဲ့သည့် နှစ်လတာအတွင်း မတ်ပဲဈေးနှုန်း တည်ငြိမ်လျက်ရှိသည့် အနေအထားဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် မတ်ပဲကို တန်ချိန် ၆ ဒသမ ၆ သိန်းခန့် ထုတ်လုပ်မည်ဟု ခန့်မှန်းရကြောင်း ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ပြည်ပမှတင်သွင်းသော မတ်ပဲဈေးနှုန်းသည် ချန်နိုင်းမြို့တွင် မတ်ပဲ (SQ) ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၈၉၅၀ နှင့် မွန်ဘိုင်းနှင့် ကော်လ်ကတ္တားမြို့တွင် ယခုလ ၉ ရက်နေ့က မတ်ပဲ (FAQ) ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၉၁၀၀ ရှိကြောင်း သိရသည်။

သို့ပါ၍ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့သည် မတ်ပဲကို ပိုမိုတိုးမြှင့်စိုက်ပျိုးလာလျက်ရှိ ကာ လာမည့်နှစ်များအတွင်း အိန္ဒိယအနေဖြင့် အဆိုပါနိုင်ငံမှ ပိုမိုတိုးမြှင့်တင်သွင်းလာဖွယ်ရှိသည် ကို တွေ့ရှိရပါသည်။ ၎င်းအနေဖြင့် ပဲမျိုးစုံကို ကနေဒါ၊ ဩစတေးလျ၊ အမေရိကန်ပြည်ထောင်စုနှင့် အာဖရိကတိုင်းပြည်များမှ ဝယ်ယူတင်သွင်းလျက်ရှိပြီး၊ ယခုအခါ မတ်ပဲကို မြန်မာဈေးကွက်အပြင် အခြားအလားအလာရှိသော ဈေးကွက်များမှ ဝယ်ယူတင်သွင်းနိုင်ရန် ဈေးကွက်အမျိုးမျိုးခွဲခြား

ဆောင်ရွက်ရေးမှု (Market Diversification) ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို သိရှိနိုင်ပါရန် လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline, Trade sees urad imports from Brazil rising to 50,000 tonnes this year,

……………………………………………………………………………………………………………

## အိန္ဒိယနိုင်ငံသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပေါင်း ၂၃၈ နိုင်ငံအနက် ၁၁၅ နိုင်ငံသို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ခဲ့

အိန္ဒိယနိုင်ငံသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပေါင်း ၂၃၈ နိုင်ငံသို့ ပို့ကုန်များ တင်ပို့ခဲ့ပြီး၊ ၎င်းအနက် ၁၁၅ နိုင်ငံသို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ခဲ့ကြောင်း အစိုးရမှ တရားဝင် ထုတ်ပြန်သော အချက်အလက်များအရ သိရှိရကြောင်း The Times of India သတင်းဌာနက ယခုလ ၉ ရက်နေ့က ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၊ ယူအေအီး၊ နယ်သာလန်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ယူကေ၊ ဆော်ဒီအာရေဗီးယား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျာမနီနှင့် အီတလီနိုင်ငံ တို့အပါအဝင် အဆိုပါနိုင်ငံ ၁၁၅ နိုင်ငံသို့ တင်ပို့ခဲ့သည့် ပို့ကုန်ပမာဏသည် ပို့ကုန်စုစုပေါင်း၏ ၄၆ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လွန်ခဲ့သော ဘဏ္ဍာနှစ်က ကုန်စည်ပို့ကုန်တင်ပို့မှု ကန်ဒေါ်လာ ၄၃၇ ဒသမ ၁ ဘီလီယံရှိကာ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ သို့သော် ဝန်ဆောင်မှုပို့ကုန်တင်ပို့မှုသည် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က ကန်ဒေါ်လာ ၃၂၅ ဒသမ ၃ ဘီလီယံရှိခဲ့ရာမှ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၃၄၁ ဒသမ ၁ ဘီလီယံသို့ တိုးမြှင့်ခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း ကမ္ဘာတစ်ဝှမ်းစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့်အချိန်တွင် အိန္ဒိယနိုင်ငံ၏ ကုန်စည်နှင့် ဝန်ဆောင်မှုပေါင်း ပို့ကုန်တန်ဖိုးစုစုပေါင်းမှာ အမြင့်ဆုံးရရှိခဲ့သည်ဟု အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်းသည် ၂၀၂၂-၂၃ ခုနှစ်က ၇၇၆ ဒသမ ၄ ဘီလီယံရှိခဲ့ရာမှ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ၇၇၈ ဒသမ ၂ ဘီလီယံရှိသည့်အတွက် ၀ ဒသမ ၂၃ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု ဆိုသည်။

ပို့ကုန်တန်ဖိုးစုစုပေါင်းတွင် ကုန်စည်တင်ပို့မှု၏ပါဝင်မှုနှုန်းမှာ ၂၀၁၄ ခုနှစ်က ၁ ဒသမ ၇၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၁ ဒသမ ၈၂ ရာခိုင်နှုန်းသို့တိုးတက်ခဲ့လာခဲ့ပြီး၊ ကမ္ဘာ့ကုန်စည်တင်ပို့မှု အများဆုံးနိုင်ငံအဆင့် ၁၉ မှ ၁၇ သို့ တိုးမြင့်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင် ပို့ကုန်ဈေးကွက် ၁၀ ခုသို့ တင်ပို့မှု ၁၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။ ယူအေအီးနိုင်ငံသည် အဓိကပို့ကုန်ဈေးကွက်တစ်ခုဖြစ်လာပြီး ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၃၅ ဒသမ ၆ ဘီလီယံရှိကာ ၁၂ ဒသမ ၇၁ ရာခိုင်နှုန်းတိုးမြင့်တင်ပို့ခဲ့ကြောင်း သိရသည်။

အလားတူ စင်ကာပူနိုင်ငံသို့ တင်ပို့မှု ၂၀ ဒသမ ၁၉ ရာခိုင်နှုန်း တိုးတက်လာကာ တန်ဖိုးကန်ဒေါ်လာ ၁၄ ဒသမ ၄ ဘီလီယံရှိကြောင်း၊ ယူကေနိုင်ငံသို့တင်ပို့မှု ၁၃ ဒသမ ၃၀ ရာခိုင်နှုန်းတိုးတက်ကာ ကန်ဒေါ်လာ ၁၃ ဘီလံယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တင်ပို့မှု ၈ ဒသမ ၇၀ ရာခိုင်နှုန်းတိုးမြင့်လာကာ ကန်ဒေါ်လာ ၁၆ ဒသမ ၇ ဘီလီယံ အသီးသီးရှိကြောင်း သိရသည်။

အထူးသဖြင့် ဈေးကွက်သစ်များဖြစ်သော ရုရှားနိုင်ငံသို့တင်ပို့မှု (၃၅ ဒသမ ၄၁ ရာခိုင်နှုန်း)၊ ရိုမေးနီးယားနိုင်ငံသို့တင်ပို့မှု (၁၃၈ ဒသမ ၈၄ ရာခိုင်နှုန်း)နှင့် အယ်ဘေးနီးယားနိုင်ငံသို့တင်ပို့မှု (၂၃၄ ဒသမ ၉၇ ရာခိုင်နှုန်း) သို့ သိသိသာသာတိုးမြင့်ခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း လွတ်လပ်သောနေသဟာရနိုင်ငံများ (Commonwealth of independent states-CIS) အနက် ရုရှား၊ ဥဇဘက်ကစ္စတန်၊ ယူကရိန်း၊ အာမေးနီးယားနှင့် တာဂျစ်ကစ္စတန်နိုင်ငံများသို့ တိုးချဲ့တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

အလားတူ အိုရှင်းနီးယားဒေသနိုင်ငံများအနက် ဩစတေးလျ၊ တီမောလက်၊ ဆာမိုအာ (Samoa)၊ ဗန်နူဟာတူ (Vanuatu)နှင့် ဆော်လမွန်ကျွန်းတို့သို့ ပို့ကုန်တိုးမြင့်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ဥရောပတိုက်တွင် ယူကေ၊ ရိုမေနီးယား၊ အယ်ဘေးနီးယား၊ နယ်သာလန်နှင့် ဂရိနိုင်ငံတို့သည် အိန္ဒိယနိုင်ငံမှ အဓိကပို့ကုန်တင်ပို့ရာ နိုင်ငံများဖြစ်ကြကြောင်း သိရသည်။

အင်ဂျင်နီယာထုတ်ကုန်၊ အီလက်ထရောနစ်ထုတ်ကုန်၊ ဆေးဝါး၊ ချည်မျှင်/အထည်အလိပ်/လက်ရက်ထည်များအပါအဝင် ကုန်စည် ၁၇ မျိုးတင်ပို့မှုတိုးတက်ခဲ့ပြီး၊ အဆိုပါပမာဏသည် အိန္ဒိယပို့ကုန်စုစုပေါင်း၏ ၄၈ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

သို့သော် ယခင်ဘဏ္ဍာနှစ်က အဓိကပို့ကုန်ကဏ္ဍများတွင်ပါဝင်ခဲ့သော ရေနံထွက်ကုန်(-၁၃.၆၆ %)၊ အဖိုးတန်ကျောက်မျက်နှင့် လက်ဝတ်ရတနာ (-၁၃.၈၃%) နှစ်မျိုး တင်ပို့မှု သိသိသာကျဆင်းခဲ့ကြောင်း သိရသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ သွင်းကုန်တင်သွင်းလျက်ရှိသည့် နိုင်ငံပေါင်း ၂၂၉ နိုင်ငံ အနက် ၁၂၄ နိုင်ငံမှ တင်သွင်းမှုလျော့ကျခဲ့ကြောင်း သိရသည်။

Agribusiness & Trade

အိန္ဒိယနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆောဒီအာရေဗျ၊ အင်ဒိုနီးရှား၊ ရုရှားနှင့် ဆွစ်ဇာလန်နိုင်ငံတို့အပါအဝင် ၁၀ နိုင်ငံမှ အများဆုံးတင်သွင်းလျက်ရှိကာ သွင်းကုန် တင်သွင်းမှု စုစုပေါင်း၏ ၅၉ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်းနှင့် ယူအေအီး၊ ကာတာ၊ ကူဝိတ်၊ အိုမန်စသည့် နိုင်ငံများမှ တင်သွင်းမှုကျဆင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ် (India Exim Bank) မှ ယခုလ ၉ ရက်နေ့က ခန့်မှန်းချက်အရ ယခုဘဏ္ဍာနှစ်၏ ဧပြီလမှ ဇွန်လအထိ အိန္ဒိယနိုင်ငံမှ ကုန်စည်တင်ပို့မှု ၁၂ ဒသမ ၃ ရာခိုင်နှုန်းတိုး တက်ကာ ကန်ဒေါ်လာ ၁၁၆ ဒသမ ၇ ဘီလီယံရှိမည်ဟု သိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပေါင်း ၁၁၅ နိုင်ငံသို့ ပို့ကုန်တိုးမြင့်တင်ပို့နိုင်ခဲ့ပြီး၊ ကမ္ဘာ့ကုန်စည် တင်ပို့မှုအများဆုံးနိုင်ငံအဆင့် ၁၉ မှ ၁၇ သို့ တိုးမြင့်ခဲ့ ကြောင်းသိရှိရပါသည်။ ယူအေအီးနိုင်ငံသည် အဓိကပို့ကုန်ဈေးကွက်တစ်ခုဖြစ်လာကာ ဈေးကွက် သစ်များဖြစ်သော ရုရှား၊ ရိုမေးနီးယားနှင့် အယ်ဘေးနီးယားနိုင်ငံတို့သို့ တင်ပို့မှု သိသိသာသာ မြင့်တက်ခဲ့ကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

ရည်ညွှန်း။ The Times of India, India's exports rise in 115 nations out of 238 destinations in 2023–24: Government data,

## အိန္ဒိယသည် ၂၀၂၅ ခုနှစ်တွင် ဂျပန်ကိုကျော်တက်၍ ကမ္ဘာ့စတုတ္ထစီးပွားရေး အင်အားအကြီးဆုံးနိုင်ငံဖြစ်လာမည်ဟု Amitabh Kant ကခန့်မှန်း

အိန္ဒိယ၏ မူဝါဒရေးရာအကြံပေးအဖွဲ့တစ်ခုဖြစ်သည့် Niti Aayog ၏ ယခင် အမှုဆောင် အရာရှိချုပ်ဖြစ်ခဲ့သူ Amitabh Kant က မက်ခရိုစီးပွားရေးဆိုင်ရာ ကောင်းမွန်မှုအခြေအနေများကို ကိုးကား၍ အိန္ဒိယနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံကို ကျော်တက်ကာ ကမ္ဘာ့စတုတ္ထအကြီးဆုံး စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်

အိန္ဒိယ၏ GDP အရွယ်အစားသည် လက်ရှိတွင် အမေရိကန်၊ တရုတ်၊ ဂျာမနီနှင့် ဂျပန်တို့ ပြီးနောက် အဆင့် ၅ နေရာတွင်ရပ်တည်လျက်ရှိပြီး ၎င်းသည် ၂၀၂၂ ခုနှစ်တွင် ယူကေကိုကျော် တက်ပြီး ယခုအဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သောဆယ်စုနှစ်ခန့်က အိန္ဒိယ၏ GDP သည် ကမ္ဘာပေါ်တွင် အဆင့် ၁၁ တွင်သာရှိခဲ့ပြီး လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ GDP သည် အမေရိကန် ဒေါ်လာ ၃.၇ ထရီလီယံ ခန့်ရှိကြောင်း သိရသည်။

Kant ၏အဆိုအရ အိန္ဒိယသည် ၂၀၁၃ ခုနှစ်တွင် စီးပွားရေးဆိုင်ရာအထိခိုက်မခံသည့် Fragile 5 နိုင်ငံအဆင့်မှ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်းစီးပွားရေးအင်အား အကြီးဆုံး ၅ နိုင်ငံ အဆင့်သို့ ဖြတ်သန်းကျော်ဖြတ်နိုင်မှု၏ အဓိကအချက်အချို့မှာ GST စုဆောင်းနိုင်မှု၊ ယင်းကာလ၏ လေးပုံသုံးပုံကာလတွင် GDP တိုးတက်မှုနှုန်း ၈ ရာခိုင်နှုန်းကျော်ရှိခဲ့မှု၊ နိုင်ငံအသီးသီး (၂၇ နိုင်ငံ) နှင့် ကုန်သွယ်မှုတွင် အိန္ဒိယငွေကြေး ရူပီးဖြင့်ပေးချေနိုင်မှုနှင့် ငွေကြေးဖောင်းပွမှုကို စီမံခန့်ခွဲနိုင်မှုတို့ ဖြစ်ကြောင်း သိရသည်။

Fragile 5 ဟူသော အသုံးအနှုန်းကို Morgan Stanley ၏ ဆန်းစစ်လေ့လာမှုတွင် ၂၀၁၃ ခု နှစ်က စတင်အသုံးပြုခဲ့ခြင်းဖြစ်ပြီး ထိုအချိန်က စီးပွားရေးမကောင်းခဲ့သော အိန္ဒိယအပါအဝင် ထွန်း သစ်စနိုင်ငံငါးနိုင်ငံကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ အခြားလေးနိုင်ငံမှာ ဘရာဇီး၊ အင်ဒိုနီးရှား၊ တောင် အာဖရိကနှင့် တူရကီနိုင်ငံတို့ ဖြစ်ကြသည်။

သံနှင့်သံမဏိ၊ ဘိလပ်မြေနှင့် မော်တော်ကားထုတ်လုပ်ရေးကဏ္ဍများတွင် နှစ်ဆတိုးတက်မှု၊ အများပြည်သူဆိုင်ရာဒစ်ဂျစ်တယ်အခြေခံအဆောက်အဦများတွင် ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်သူဖြစ် လာဖြင်း၊ အီလက်ထရောနစ်ငွေပေးချေမှုများတွင် ၁၃၄ ဘီလီယံအထိ မြင့်တက်လာကာ ကမ္ဘာလုံး ဆိုင်ရာဒစ်ဂျစ်တယ်ငွေပေးချေမှုအားလုံး၏ ၄၆ ရာခိုင်နှုန်းအထိပါဝင်ခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်း သည် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၈.၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၅ ရာခိုင်နှုန်းသို့ ကျ ဆင်းခဲ့ခြင်းနှင့် အခြားသော အကြောင်းအရာများသည် အိန္ဒိယ၏ ခိုင်မာသောတိုးတက်မှုကိုဖြစ်စေ ခဲ့ကြောင်း သိရသည်။

GDP တိုးတက်မှုရှိမည်ဟု ခိုင်မာသည့်ခန့်မှန်းချက်များ၊ စီမံခန့်ခွဲနိုင်သောအဆင့်တွင် ရှိသည့် ငွေကြေးဖောင်းပွမှု၊ ဗဟိုအစိုးရအဆင့်တွင် နိုင်ငံရေးတည်ငြိမ်မှုနှင့် အသိအမှတ်ပြုနိုင်သော ဗဟို ဘဏ်ငွေကြေးမူဝါဒအားလုံးတို့သည် မကြာသေးမီကာလများအတွင်း အိန္ဒိယစီးပွားရေးဖွံ့ဖြိုးတိုး တက်မှုကို အထောက်အကူဖြစ်စေခဲ့ကြောင်း၊ အိန္ဒိယ၏ GDP သည် ၂၀၂၃ -၂၄ ခုနှစ် အောက်တိုဘာ လမှ ဒီဇင်ဘာလအထိ သုံးလပတ်အတွင်း ၈,၄ ရာခိုင်နှုန်းအထိ ကြီးထွားလာခဲ့ကြောင်းနှင့် နိုင်ငံ၏ လျင်မြန်စွာကြီးထွားလျက်ရှိသော စီးပွားရေးသည် ဆက်လက်ထိန်းသိမ်းထားနိုင်သည့် အခြေအနေ ရှိကြောင်းလည်း ပြောကြားထားသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ( IMF) ၏ နောက်ဆုံးထုတ်ဝေသည့် ကမ္ဘာ့စီးပွား ရေးခန့်မှန်းချက်များအရ အိန္ဒိယသည် ၂၀၂၄ ခုနှစ်တွင် အဓိကစီးပွားရေးအင်အားကြီး နိုင်ငံများ ကြားတွင် အလျင်မြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုဖြင့် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်းနှင့် ၎င်းတို့၏ နောက်ဆုံးခန့်မှန်းချက်အရ အိန္ဒိယ၏ ၂၀၂၄ ခုနှစ်အတွက် တိုးတက်မှု ခန့်မှန်းချက်ကို ၆.၅ ရာခိုင် နှုန်းမှ ၆.၈ ရာခိုင်နှုန်းသို့ ပြင်ဆင်သတ်မှတ်ခန့်မှန်းခဲ့ကြောင်း သိရသည်။

အိန္ဒိယ၏စီးပွားရေးသည် ၂၀၂၁-၂၂ ခုနှစ်တွင် ၈.၇ ရာခိုင်နှုန်းနှင့် ၂၀၂၂-၂၃ ခုနှစ်တွင် ၇.၂ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့သည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India all set to overtake Japan as 4th largest economy by 2025, predicts Amitabh Kant, The Economic Times,

…………………………………………………………………………………………………..

Agribusiness & Trade